## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန
## အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါအမှုထမ်းရာထူး(၁၄)နေရာ ခန့်ထားရန်အတွက် ယှဉ်တွဲဖော်ပြပါ သတ်မှတ်ပညာအရည်အချင်းနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် ရာထူး/လစာနှုန်း | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|
| (က) စာရင်းကိုင်(၄)<br>၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၂ နေရာ<br>(နေပြည်တော်) | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး ကွန်ပျူတာကျွမ်းကျင်သူ၊ စာရင်းအင်းဆိုင်ရာသင်တန်း တစ်ခုခုတက်ရောက်အောင်မြင်သူ |
| (ခ) အငယ်တန်းစာရေး<br>၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၄ နေရာ<br>(နေပြည်တော်) | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး ကွန်ပျူတာကျွမ်းကျင်သူ |
| (ဂ) ယာဉ်မောင်း(၅)<br>၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | ၃ နေရာ<br>(နေပြည်တော်) | အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ပြီးသူ၊ ယာဉ်မောင်းလိုင်စင်(ခ)အဆင့်ရှိသူ |
| (ဃ) ရုံးအကူ/စာပို့<br>၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀ | ၃ နေရာ<br>(နေပြည်တော်) | အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ပြီးသူ၊ လုပ်ငန်းကိုစိတ်ပါဝင်စားသူ |
| (င) သန့်ရှင်းရေးအကူ<br>၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀ | ၂ နေရာ<br>(နေပြည်တော်) | အခြေခံပညာမူလတန်းအဆင့် အောင်မြင်ပြီးသူ၊ လုပ်ငန်းကိုစိတ်ပါဝင်စားသူ |

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) အမှတ်စဉ်(က)နှင့်(ခ)ကို လျှောက်ထားသူသည် ၆- ၁ - ၂၀၂၂ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အသက်(၂၇)နှစ်(အစိုးရဝန်ထမ်းဖြစ်ပါက အသက် ၃၅ နှစ်)ထက် မကျော်လွန်သူ ဖြစ်ရမည်။

(ဂ) အမှတ်စဉ်(ဂ)ကို လျှောက်ထားသူသည် ၆- ၁ - ၂၀၂၂ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အသက်(၃၂)နှစ်(အစိုးရဝန်ထမ်းဖြစ်ပါက အသက် ၃၅ နှစ်)ထက် မကျော်လွန်သူ ဖြစ်ရမည်။

D:\D1(Admin) 2021\New Appointment 2022\MO\MOEA to News (CD).docx

(ဃ) အမှတ်စဉ်(ဃ)နှင့်(င)ကို လျှောက်ထားသူသည် ၆-၁-၂၀၂၂ ရက်နေ့တွင် အသက် (၁၈)နှစ်ပြည့်ပြီး ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အသက်(၃၀)နှစ်(အစိုးရဝန်ထမ်းဖြစ်ပါက အသက် ၃၅ နှစ်)ထက် မကျော်လွန်သူ ဖြစ်ရမည်။

( င ) ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။

( စ ) ရွေးချယ်ခြင်းခံရသူများသည် အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုလက်မှတ်ရေးထိုးနိုင်ရမည်။

(ဆ) နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်ရမည်။

၃။ လျှောက်လွှာတွင် အောက်ပါအချက်များ ပြည့်စုံစွာ ဖော်ပြပါရှိရမည်-

(က) အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

( ခ ) မွေးသက္ကရာဇ်နှင့် အသက်

( ဂ ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ

(ဃ) ပညာအရည်အချင်း

( င ) မိဘအမည်၊ အလုပ်အကိုင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

( စ ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ဌာန/လက်ရှိရာထူး

( ဆ ) အိမ်ထောင် ရှိ/မရှိ

( ဇ ) နေရပ်လိပ်စာ၊ ဖုန်းနံပါတ်

(လျှောက်လွှာပုံစံကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ Website: http://www.moea.gov.mm တွင်လည်း ကြေညာထားမည် ဖြစ်ပါသည်။)

၄။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါအချက်အလက်များ ပြည့်စုံစွာ(ပူးတွဲ)ပါရှိရမည်-

(က) ပညာအရည်အချင်း အထောက်အထားမိတ္တူ
(ဘွဲ့လက်မှတ်၊ ၁၀ တန်းအောင်လက်မှတ်)

( ခ ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်း၏ ထောက်ခံစာမူရင်း(လွန်ခဲ့သော တစ်လအတွင်း)

( ဂ ) လိပ်စာဖော်ပြပါဒေသတွင် အမှန်နေထိုင်ကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံစာမူရင်း(လွန်ခဲ့သော တစ်လအတွင်း)

( ဃ ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူမှန်

( င ) ပြင်ပပုဂ္ဂိုလ်များအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ

( စ ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာန၊ ရာထူး၊ လစာနှုန်း၊ သက်ဆိုင်ရာဌာန ခွင့်ပြုမိန့်မူရင်း

( ဆ ) ပတ်စ်ပို့ဓါတ်ပုံ(၃)ပုံ (လွန်ခဲ့သော ခြောက်လခန့်)
(ဓါတ်ပုံကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ် ရေးသားရန်)

၅။ လျှောက်ထားသူများသည် အလုပ်ခန့်အပ်ခြင်းခံရပါက မိမိအစီအစဉ်ဖြင့် နေထိုင်နိုင်သူဖြစ်ရမည်။

၆။ လျှောက်လွှာများကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ရုံးအမှတ်(၁၄)၊ နေပြည်တော်၊ သို့ (၆- ၁ - ၂၀၂၂)ရက်နေ့ထိ ရုံးချိန်အတွင်း နောက်ဆုံးထား ပေးပို့လျှောက်ထားရမည်။

၇။ သတ်မှတ်ရက်ထက်ကျော်လွန်၍ ရောက်ရှိလာသော လျှောက်လွှာများ၊ အရည်အချင်း သတ်မှတ်ချက်များနှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းအထောက်အထား မပြည့်စုံသူများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသူများအား လူတွေ့စစ်ဆေးမှုပြုလုပ်မည်ဖြစ်ပြီး လူတွေ့စစ်ဆေးမည့်ရက်ကို ဆက်သွယ်အကြောင်းကြားမည်ဖြစ်ပါသည်။ ထို့အပြင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ရုံးအမှတ်(၁၄)၊ နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးရုံးကြော်ငြာသင်ပုန်းနှင့် Website: http://www.moea.gov.mm တို့တွင်လည်း ကြေညာပေးထားမည်ဖြစ်ပါသည်။

၈။ အသေးစိတ်သိရှိလိုပါက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ရုံးအမှတ်(၁၄)၊ နေပြည်တော် ဖုန်း(၀၆၇-၃၄၀၉၅၅၁)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန**

**ပြည်ထောင်စုဝန်ကြီးရုံး**

**ရုံးအမှတ်(၁၄)၊ နေပြည်တော်**

**(အငယ်တန်းစာရေး/စာရင်းကိုင်-၄/ယာဉ်မောင်း-၅/ရုံးအကူ/စာပို့နှင့် သန့်ရှင်းရေးအကူ ရာထူးလျှောက်လွှာပုံစံ)**

၁။ လျှောက်ထားသည့်ရာထူးအမည် - ---------------------------------------------------

၂။ အမည် - ---------------------------------------------------

၃။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် - ---------------------------------------------------

၄။ အသက်/မွေးသက္ကရာဇ်(ရက်၊လ၊နှစ်) - ---------------------------------------------------

၅။ လူမျိုး - ---------------------------------------------------

၆။ ကိုးကွယ်သည့်ဘာသာ - ---------------------------------------------------

၇။ ပညာအရည်အချင်း၊ - ---------------------------------------------------

အောင်မြင်သည့်ခုနှစ် - ---------------------------------------------------

၈။ အဘအမည် - ---------------------------------------------------

(က) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် - ---------------------------------------------------

(ခ) အလုပ်အကိုင် - ---------------------------------------------------

၉။ အမိအမည် - ---------------------------------------------------

(က) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် - ---------------------------------------------------

(ခ) အလုပ်အကိုင် - ---------------------------------------------------

၁၀။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ဌာန/လက်ရှိရာထူး - ---------------------------------------------------

- ---------------------------------------------------

၁၁။ အိမ်ထောင်ရှိ/မရှိ - ---------------------------------------------------

၁၂။ အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံနှင့် - ---------------------------------------------------

ဖုန်းနံပါတ် - ---------------------------------------------------

- ---------------------------------------------------

(ထိုးမြဲလက်မှတ်)

D:\D1(Admin) 2021\New Appointment 2022\MO\New Staff (CV Form) A-4.docx